ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျောက်တန်းမြို့

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# ( NCDDP )




ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

Village Development Plan ( VDP )

# မာတိကာ

၂။ ဉယျာဉ်ကျေးရွာအုပ်စုမြေပုံ ........ 4
၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ ........ 5
၄။ကျေးရွာအခြေခံအချက်အလက်များ ........ 5
၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ ........21
၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ ........24
၉။ကော်မတီဝင်များစာရင်း ........26
၁၀ ။ပုံစံ-၁။ကျေးရွာအချက်အလက် ........29
၁၁။ပုံစံ၂။စီမံကိန်းအချိန်ဇယား ........33
၁၂။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........34
၁၄။အစည်းအဝေးမှတ်တန်းများ ........39
၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP) ........46

## ၁။ကျောက်တန်းမြို့နယ်မြေပုံ



ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
ကျောက်တန်းမြို့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဇက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဝဝ -
မြေ -

## ၂။ ဉယျာဉ်ကျေးရွာအုပ်စုမြေပုံ



## ၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းများ

၁။ဥယျာဉ်ကျေးရွာ

## ၄။ကျေးရွာအခြေခံအချက်အလက်များ

### ၁။ကျေးရွာသမိုင်းအကျဉ်း

ဥယျာဉ်ကျေးရွာသည် ရန်ကုန်တိုင်းဒေသကြီး ၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကျောက်တန်းမြို့နယ်နှင့် (၃၃)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဥယျာဉ်ကျေးရွာသည် သမိုင်းဝင်ရွာတစ်ရွာဖြစ်သည်။ ပါဒဘုရင်သမီးတော် ကြခတ်ဝယတ်မင်းသမီးက စစ်ဖြစ်ပေါ်နေစဉ် ထိုနေရာသို့သွားရောက်ပုန်းရှောင်နေခဲ့သည်။ ကြခတ်ဝယတ်မင်းသမီးဆိုသည်မှာ ကြခတ်ပင်များ ပတ်ပတ်လည်စိုက်၍ နေထိုင်သောကြောင့် ကြခတ်ဝယတ်ဟု ခေါ်ဆိုခဲ့သည်။ စစ်ငြိမ်းသောအခါ အောင်ပြီဟူသော ရည်ရွယ်ချက်ဖြင့် အောင်ချမ်းသာဘုရား ဟူ၍ အုတ်ဂူဘုရားတည်၍ ရုပ်ပွားတော်မြတ်ကို စေတီတည်ထားကိုးကွယ်ခဲ့သည်။ ထိုစဉ် ဘုရားကိုးဆူတည်ခဲ့သော်လည်း ယခုတွင်မူ ဘုရားကုန်းတော်များသာ ကျန်ရှိနေခဲ့သည်။ လက်ရှိအချိန်တွင် စေတီသုံးဆူနှင့် ကုန်းတော်ခြောက်ကုန်းသာ ကျန်ရှိနေသည်။ ကြခတ်ဝါးတွေ ဝါးနက်ပင်တွေ စိုက်ပျိုးခဲ့သည်ကို အစွဲပြု၍ ဥယျာဉ်မြေကြီးသဖွယ် ဖြစ်နေသောကြောင့် ဥယျာဉ်ကျေးရွာဟု အမည်တွင် ခေါ်ဝေါ်ခဲ့ကြသည်။ ရွာ၏အရှေ့ဘက်တွင် အစဲကျေးရွာ၊ တောင်ဘက်တွင် ရွာသစ်ကလေးကျေးရွာနှင့် မြောက်ပိုင်းတွင် မှော်ဝန်းချောင်းတို့ရှိသည်။ ယခုအခါတွင် အိမ်ထောင်စု (၅၁၀) ရှိပါသည်။ ဗုဒ္ဓဘာသာ ကိုးကွယ်သူများပြီး ဟိန္ဒူဘာသာဝင် အနည်းငယ်ရှိသည်။

ရေကြောင်းလမ်း၊ ကုန်းကြောင်းလမ်းတို့ဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်သည်။ လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြသည်။ လူမှုရေး၊ ဘာသာရေးတို့တွင်လည်း ရပ်သူရွာသားအားလုံး စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြသည်။ ပညာရေးတွင်လည်း မူလွန်အဆင့်ထိ တိုးတက်လာခဲ့သည်။ ပညာရေးကို အလွန်ဦးစားပေးသော ကျေးရွာဖြစ်သည်။ ဆေးပေးခန်းအဆင့်ရှိသည်အထိ တိုးတက်လာခဲ့သည်။

## ၂။ ကျေးရွာရှိအိမ်ထောင်စုစာရင်း

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဗမာ | ၄၉၇ | ၈၀၉ | ၈၅၈ | ၁၆၆၇ |
| ဟိန္ဒူ | ၁၃ | ၂၆ | ၂၉ | ၅၅ |

## ၃။ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၉၃ | ၄၂ | ၅၁ | ၉၃ |
| မြေယာမဲ့ | ၇၀ | ၉၈ | ၁၀၂ | ၂၀၀ |
| မသန်စွမ်း | ၄ | ၁ | ၃ | ၄ |

## ၄။အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဘိလပ်ယက်ခုံ | နိုင်ငံခြားသွား |
| ပဲတီစိမ်း | ဝက် | ချွေလှေ့စက် | |
| | ဆိတ် | စျေးဆိုင် | |
| | နွား | စပါး/ပဲ ရောင်းဝယ် | |

## ၅။ကျေးရွာအတွင်းအဓိကပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၂၀၅၅.၈၁ ဧက | - | - | - | ၃/၇ | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | လယ်ယာသုံးစက် | စျေးဆိုင် |
| အရေအတွက် | - | ၁၃ | ၂ | ၂ | ၇၈ | ၁၀ |

## ၆။ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | ၅၃ | ၃၀ | ၅ | ၉၅ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | | ၁၃၅ | ၂၀ | ၁၅၀ | ၇၈ |

## ၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ်(PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ | ၆-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၃ | ၁၃ | ၂၆ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊မြစ်ချောင်းများ၊ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၆-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၃ | ၁၃ | ၂၆ | ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊လယ်ယာလုပ်ငန်းများ၊နေ့စားလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများ၊ဝမ်းစာဖူလုံမှုနှင့်ပွဲတော်များ |
| ၃ | ဉစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၆-၁၀-၂၀၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၃ | ၁၃ | ၂၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများသတ်မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံသုံးသပ်ချက် | ၆-၁၀-၂၀၁၉ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ကျေးရွာလူထု | ၁၃ | ၁၃ | ၂၆ | ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့်မည်သို့သောလုပ်ငန်းများအတွက်မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ်သုံးသပ်ချက် | ၆-၁၀-၂၀၁၉ | အမျိုးသားများနှင့်အမျိုးသမီးများ | ၁၃ | ၁၃ | ၂၆ | အမျိုးသားများနှင့်အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆-၁၀-၂၀၁၉ | ရပ်မိရပ်ဖ၊ကျေးရွာစေတနာ့ဝန်ထမ်း | ၁၃ | ၁၃ | ၂၆ | ကျေးရွာတွင်းရှိပိုင်ဆိုင်ထားသောအရင်းအမြစ်များအားသိရှိခြင်း |

## ၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA toolsများနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### ၁။ လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်





### သုံးသပ်ချက်

ဥယျာဉ်ကျေးရွာအုပ်စု၊ ဥယျာဉ်ကျေးရွာသည် ကျောက်တန်းမြို့၏ အရှေ့တောင်ဘက်တွင် တည်ရှိပြီး အိမ်ထောင်စု (၅၁၀)၊ လူဦးရေ (၁၇၂၂) ဦးရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ ကျေးရွာ၏ အဓိကလုပ်ကိုင်သော လုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်း (၂) ကျောင်းရှိသည်။ ရွာ၏ တောင်ပိုင်းနှင့် မြောက်ပိုင်းတွင် စေတီတော် (၂) ဆူရှိသည်။ ကျေးရွာအတွင်းတွင် အုပ်ချုပ်ရေးမှူးရုံး၊ မူလတန်းကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်၊ ထရန်စဖော်မာနှင့် ရေကန် (၇)ကန် ရှိပါသည်။ ဆန်စက် (၂) လုံးလည်း ရှိပါသည်။ ကျေးရွာမှာ တောင်နှင့်မြောက် ရှည်လျားသွယ်တန်းထားသည့် ပုံစံဖြင့် ဖွဲ့စည်းထားသည်။

ကျေးရွာ၏လိုအပ်ချက်များမှာ သောက်သုံးရေအတွက် စက်ရေတွင်း၊ ရေဆင်းတံတား၊ ယခင်ကရှိသည့် ကွန်ကရစ်လမ်းများအား တိုးချဲ့ခြင်း၊ ချောင်းကူးတံတားပြုပြင်ရန်၊ ရေကန်ခြံစည်းရိုးအသစ်ကာရံခြင်း၊ စာကြည့်တိုက်ပြုပြင်ခြင်းလုပ်ငန်းနှင့် ကမ်းပါးထိန်းနံရံပြုပြင်ရန် စသည်တို့သည် ကျေးရွာအတွင်း လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြစ်ပါသည်။

**၂။ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။**



ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်

ဥယျာဉ်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ ကျောက်တန်းမြို့နယ် ၈.၁၀.၂၀၁၈

| အမျိုးအစား | သတ်မှတ်ချက် / ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | တိုက်အိမ်၊ လယ်(၁၅)ကေအထက်၊ လယ်ထွန်စက်၊ စပါး ရိတ်စက်၊ ဆန်စက်၊ ထော်လာဂျီ | ၁၀၀ | ၂၀% |
| အလယ်အလတ် | သွပ်မိုး၊ ပျဉ်ထောင်၊ လယ်၁၀ ကေအောက်၊ ထွန်စက် အသေး၊ ရေခဲသေတ္တာ၊ TV၊ ဆိုင်ကယ်၊ | ၂၀၅ | ၄၀% |
| နွမ်းပါး | ဓနိမိုး၊ ထရံကာ၊ ဓနိကာ၊ လယ်မဲ့သူ၊ တစ်နိုင်တစ် [illegible] | ၂၀၅ | ၄၀% |
| | စုစုပေါင်း | ၅၁၀ | ၁၀၀% |


## သုံးသပ်ချက်

ဥယျာဉ်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးဟူ၍ လူမှုအဆင့် (၃)ဆင့်ရှိပါသည်။ ချမ်းသာသော အဆင့်မှာ တိုက်အိမ်၊ လယ် (၁၅) ကေအထက်၊ လယ်ထွန်စက်၊ စပါးရိတ်စက်၊ ဆန်စက်၊ ထော်လာဂျီတို့ကို ပိုင်ဆိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး အိမ်ထောင်စုမှာ (၁၀၀)နီးပါးနှင့် ကျေးရွာ၏ (၂၀) ရာခိုင်နှုန်းခန့်ရှိသည်။ အလယ်အလတ်ရှိသောအဆင့်တွင် ပျဉ်ထောင်အိမ်၊ သွပ်မိုးအိမ်၊ လယ် (၁၀) ကေအောက်ပိုင်ဆိုင်သူ၊ ထွန်စက်အသေး၊ ရေခဲသေတ္တာ၊ TV၊ ဆိုင်ကယ်တို့ကို ပိုင်ဆိုင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး အိမ်ထောင်စုမှာ (၂၀၅)စုနှင့် ရာခိုင်နှုန်းမှာ

(၄၀)ရာခိုင်နှုန်းနှင့် နွမ်းပါးသောအဆင့်မှာ ခနိမိုးအိမ်၊ ထရံကာ၊ လယ်ယာမဲ့၊ တစ်နိုင်တစ်ပိုင်ဈေးဆိုင်၊ လက်လုပ်လက်စားများ၊ ပုံကျလုပ်သားများနှင့် စက်ရုံလုပ်သားများ ဖြစ်ပြီး အိမ်ထောင်စုမှာ (၂၀၅) ခန့်နှင့် ရာခိုင်နှုန်းမှာ (၄၀) ရာခိုင်နှုန်း ရှိသည်ဟု ကျေးရွာသူ ကျေးရွာသားများမှ သတ်မှတ်ခဲ့ကြပါသည်။

ထိုသို့ ဆင်းရဲနွမ်းပါးသောအိမ်ထောင်စုများ များနေရခြင်းမှာ မြေယာပိုင်ဆိုင်မှုမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းနှင့် ဝင်ငွေထွက်ငွေမမျှတခြင်းတို့ကြောင့် ဖြစ်ပါသည်။

## ၃။ရာသီခွင်ပြပြက္ခဒိန်နှင့်သုံးသပ်ချက်။




### သုံးသပ်ချက်

**ရာသီဥတု** တန်ခူးလ၊ တန်ဆောင်မုန်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲလနှင့် တပေါင်းလများတွင် နေသာပြီး၊ ကဆုန်လ၊ တော်သလင်းလနှင့် သီတင်းကျွတ်လများတွင် မိုးအနည်းငယ်ရွာပြီး၊ နယုန်လ၊ ဝါဆိုလနှင့် ဝါခေါင်လများတွင် မိုးများစွာ ရွာသွန်းသည်။

**စိုက်ပျိုးရေး** စိုက်ပျိုးရေးအနေဖြင့် စပါးနှင့်ပဲများကို အဓိက စိုက်ပျိုးကြသည်။ ကဆုန်လတွင် စပါးစိုက်ရန် ထွန်ယက်ကြပြီး၊ ဝါဆိုလတွင် စပါးစိုက်ပြီး၊ ဝါဆိုလနှင့် ဝါခေါင်လများတွင် မြေဆီကြဲပြီး၊ တော်သလင်းလတွင် စပါးခင်းများအား ငှက်များဝင်ရောက်မဖျက်ဆီးစေရန် စောင့်ကြည့်ကြပြီး၊ သီတင်းကျွတ်လတွင် စပါးများ ရိတ်သိမ်းကြသည်။

တန်ဆောင်မုန်းလတွင် ပဲစိုက်ရန် ထွန်ယက်ကြပြီး နတ်တော်လတွင် ပဲကျဲကြပြီး ပြာသိုလတွင် ဆေးဖြန်းကြပြီး၊ တပို့တွဲလနှင့် တပေါင်းလများတွင် ပဲရိတ်ကြသည်။

**မွေးမြူရေး** **မိသားစု တစ်နိုင်တစ်ပိုင် ဝင်ငွေရရှိရန် ကြက်၊ ဝက်နှင့် ဆိတ်များကို တစ်နှစ်ပတ်လုံး မွေးမြူကြသည်။**


**ပွဲတော်ရက်** တန်ခူးလတွင်သင်္ကြန်ပွဲ၊ ကဆုန်လတွင်ညောင်ရေသွန်းပွဲ၊ သီတင်းကျွတ် လတွင် ဆီမီးပူဇော်ပွဲ၊ တန်ဆောင်မုန်းလတွင် ကထိန်ပွဲတော်နှင့် တပေါင်းလတွင် ဘုရားပွဲများကျင်းပကြပါသည်။

**အားလပ်ချိန်** **တန်ခူးလ၊ ကဆုန်လ၊ ဝါခေါင်လ၊ တော်သလင်းလနှင့် ပြာသိုလများသည် လုပ်ငန်း အားလပ်ချိန်များ ဖြစ်ပါသည်။**

**ကျန်းမာရေး** **ကဆုန်လနှင့် သီတင်းကျွတ်လများတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် တုပ်ကွေးရောဂါ အဖြစ်များသည်။**

**ဝင်ငွေ၊ထွက်ငွေ** **သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလ၊ တပို့တွဲလနှင့် တပေါင်းလများတွင် စပါး နှင့် ပဲတီစိမ်းပေါ်ချိန်ဖြစ်သောကြောင့် ဝင်ငွေများပြီး၊ တန်ခူးလ၊ ဝါဆိုလ၊ ဝါခေါင်လ၊ နတ်တော်လနှင့် ပြာသိုလများတွင် ဝင်ငွေအသင့်အတင့်ရှိပြီး ကဆုန်လ၊ နယုန်လနှင့် တော်သလင်းလများတွင် ဝင်ငွေနည်းပါးသည်။ ထွက်ငွေအနေဖြင့် သီတင်းကျွတ်လတွင် ရိတ်သိမ်းခများပေးချေရခြင်း၊ ပွဲတော်များရှိခြင်း၊ ကျန်းမာရေး ချို့တဲ့ခြင်းတို့ကြောင့် ထွက်ငွေအလွန်များပါသည်။ တန်ခူးလ၊ ကဆုန်လ၊ နယုန်လ၊ ဝါဆိုလ၊ ဝါခေါင်လ၊ တော်သလင်းလ၊ နတ်တော်လ၊ ပြာသိုလ၊ တပို့တွဲနှင့် တပေါင်းလများတွင် ထွက်ငွေ အသင့်အတင့်ရှိပြီး၊ တန်ဆောင်မုန်းလတွင် ထွက်ငွေအလွန်နည်းပါသည်။**

## ၄။ဗင်းပုံစံသုံးသပ်ချက်။





## သုံးသပ်ချက်

ဥယျာဉ်ကျေးရွာတွင် သာရေး ၊ နာရေးများတွင် ဦးဆောင်သော လူမှုရေးအမျိုးသားဖွဲ့နှင့် လူမှုရေးအမျိုးသမီးအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့ နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး အဖွဲ့များသည် ကျေးရွာဖွံ့ဖြိုးရေး

လုပ်ငန်းများကို ဦးဆောင် လုပ်ကိုင်ကြပါသည်။ ကျေးရွာအုပ်ချုပ်ရေးမှူးသည် ကျေးရွာ၏ လမ်း ၊ တံတား ၊ အခြေခံ အဆောက်အအုံများနှင့် အခြားဖွံ့ဖြိုးရေး ကိစ္စများကို ဦးဆောင် လုပ်ကိုင်ပေးပါသည်။ ဘာသာရေးနှင့်ပက်သက်သော ကိစ္စရပ်များကို ဂေါပကအဖွဲ့နှင့် အုပ်ချုပ်ရေးမှူးအဖွဲ့မှ ဦးဆောင်ကြပြီး ကျန်းမာရေးနှင့် ပက်သက်သော ကိစ္စရပ်များကို ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့မှ ဆောင်ရွက်ကြပြီး၊ ပညာရေးနှင့်ပက်သက်သည်များကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့မှဆောင်ရွက်ပါသည်။ မီးသက်အဖွဲ့နှင့်ကြက်ခြေနီအဖွဲ့တို့သည် နွေအခါတွင် မီးကင်းလှည့်၍ လော်စပီကာများနှင့်ဟစ်ခြင်း ၊ ကြော်ငြာခြင်းများ ပြုလုပ်ကြပါသည်။ ဥယျာဉ်ကျေးရွာတွင် မြစိမ်းရောင် ၊ ပက်(စ်)မြန်မာ ၊ ဘီဂျီ ၊ သမဝါယမ အသင်း ၊ နူန်းယော့ ချေးငွေအဖွဲ့ ဟူ၍ ကျေးရွာလူထုအား ချေးငွေများ ထုတ်ပေးနေသည့် အဖွဲ့များလည်း ရှိပါသည်။ လူထုဗဟိုပြု စီမံကိန်းသည် ကျေးရွာကော်မတီများ ၊ အုပ်ချုပ်ရေးမှူး ၊ ရပ်မိရပ်ဖ ၊ ကျေးရွာလူထုများဖြင့် ပူးပေါင်း၍ အခြေခံ အဆောက်အဦးများ တည်ဆောက်ခြင်း ၊ စီမံခန့်ခွဲမှု သင်တန်းများနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့် သင်တန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျှက် ရှိပါသည်။

## ၅။ပင့်ကူအိမ်သုံးသပ်ချက်။



## သုံးသပ်ချက်

### အဖွဲ့အစည်းများတွင်ပါဝင်ခွင့်

**ကျေးရွာ၏ ဘာသာရေး၊ ရပ်ရေးရွာရေး သာသနာရေး အစရှိသည့်တို့တွင် မြန်မာတို့၏ထုံးတမ်းအစဉ်အလာများ အရ အမျိုးသားများ၏ ပါဝင်ခွင့်သည် အမျိုးသမီးများထက် သာလွန်နေသည်ကိုတွေ့ရှိရသည်။**

### ဝင်ငွေရရှိမှု

အမျိုးသမီးများသည် အလုပ်အကိုင် အခွင့်အလမ်းများသော်လည်း ၄င်းတို့၏ လုပ်ခလစာသည် အမျိုးသားများနှင့် တန်းတူ မရရှိသောကြောင့် ဝင်ငွေရရှိမှုတွင် လျော့နည်းနေသည်ကို တွေ့ရှိရပါသည်။

### ကျန်းမာရေးအသိပညာ

**အမျိုးသမီးများသည် အမျိုးသားများထက် မိသားစုအား ပို၍ပြုစုစောင့်ရှောက်ရခြင်း မိသားစုဝင်များ နေမကောင်းဖြစ်ပါက အနီးကပ်ပြုစုရခြင်းတို့ကြောင့် ကျန်းမာရေး အသိပညာများ ပို၍ရှိပါသည်။**

### ပညာတတ်မြောက်မှု

အမျိုးသမီးများသည် အမျိုးသားများထက် ပညာရေးကို ပိုမို စိတ်ဝင်စားသောကြောင့် ပညာရေးတွင် အမျိုးသမီးများက အနည်းငယ် သာလွန်နေသည်ကို တွေ့ရှိရပါသည်။

### လုံခြုံမှု

အမျိုးသားများသည် ခွန်အားဗလအားဖြင့် သန်မာခြင်း၊ အမျိုးသမီးများထက် ပို၍ကြံ့ခိုင်မှုရှိခြင်း၊ အချိန်အခါမရွေး၊ ဒေသမရွေးသွားလာနိုင်ခြင်း၊ မိသားစုအပေါ်တွင် ကာကွယ်ပေးနိုင်ခြင်း၊ အမျိုးသမီးများသည် ရှေးရိုးအစဉ်အလာအရ တစ်ယောက်ထဲသွားလာရန် မရဲခြင်း၊ သွားလာမှုနည်းခြင်းတို့ကြောင့် မသွားရဲမလာရဲတော့ပဲ လုံခြုံမှု မရှိဟု ဆွေးနွေးထားကြပါသည်။

## အိမ်မှုကိစ္စ

မြန်မာတို့၏ထုံး တမ်းအစဉ်အ လာအရအမျိုးသမီးများသည် အမျိုးသားများထက် အိမ်မှုကိစ္စများကို ဆောင်ရွက်လျက် ရှိသည်ကို တွေ့ရပါသည်။ အမျိုးသားများသည်လည်း အိမ်မှုကိစ္စများတွင် အနည်းငယ် ပူးပေါင်းပါဝင်မှု ရှိလာသည်ကိုလည်းတွေ့ရှိရပါသည်။


## လူမှုရေးလုပ်ငန်းများတွင် ပါဝင်ခွင့်


**အမျိုးသားများသည် စီးပွားရေးလုပ်ငန်းများနှင့် မိသားစု စားဝတ်နေရေးအတွက် ရုံးကန်နေရသောကြောင့် လူမှုရေး လုပ်ငန်းများတွင် အမျိုးသမီးများထက် အနည်းငယ် လျော့နည်းနေသည်ကို တွေ့ရပါသည်။**

## ဆုံးဖြတ်ပိုင်ခွင့်

**ကျေးရွာအတွင်းရှိ လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေး လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဓလေ့ထုံးစံအရ အမျိုးသမီးများထက် အမျိုးသားများကသာ ဆုံးဖြတ်ပိုင်ခွင့်ပိုမိုရရှိ နေကြောင်း တွေ့ရသည်။**

၆။ပိုင်ဆိုင်မှုသုံးသပ်ခြင်း။




အရင်းအမြစ်သုံးစွဲမှုဇယား
ဥယျာဉ်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ ၈.၁၀.၁၇
ကစားကွင်း
လယ်
အပ်ချုပ်စက်
ရွှေ
ဆိုင်ကယ်
ဘုန်းကြီးကျောင်း
ဆေးပေးခန်း
ပါဝင်ဆွေးနွေးသူ
ကျ-၁၃ မ-၁၃
စုစုပေါင်း -၂၆

## သုံးသပ်ချက်

### ထိန်းချုပ်မှု

ကျေးရွာ၏အရင်းအမြစ်များဖြစ်သော ဆိုင်ကယ်၊ ထွန်စက်၊ တံတား၊ ကစားကွင်း၊ ဘုန်းကြီးကျောင်း စသည့် အရင်းအမြစ်များကို အမျိုးသားများမှ ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်၊ ရွှေ စသည့် အရင်းအမြစ်များကို အမျိုးသမီးများမှ ထိန်းချုပ်ထားပြီး အမျိုးသား/အမျိုးသမီးနှစ်ဦးလုံး ထိန်းချုပ်ထားသော အရင်းအမြစ်များမှာ ဆေးပေးခန်း၊ ဆွဲကွန်၊ လမ်း၊ စာသင်ကျောင်း၊ လယ်ယာမြေ၊ သောက်ရေကန်၊ မျောပိုက် စသည့် ပစ္စည်းများ ဖြစ်ပါသည်။

### အသုံးပြုမှု

ကျေးရွာ၏အရင်းအမြစ်ဖြစ်သော လယ်ယာမြေ ၊ကစားကွင်း၊ လယ်ထွန်စက်စသည်တို့ ကိုအမျိုးသားများအသုံးပြုပြီးရွှေ၊ အပ်ချုပ်စက်စသည့်အမျိုးသမီးများသာအသုံးပြု၍ အမျိုးသား/အမျိုးသမီး နှစ်ဦးစလုံး အသုံးပြုသောအရင်းအမြစ်များမှာ ဆိုင်ကယ်၊ ဘုန်းကြီးကျောင်း၊ လမ်း၊ တံတား၊ သောက်ရေကန်၊ ဆေးပေးခန်း၊ ဆွဲကွန်၊ မျောပိုက် စသည့် ပစ္စည်းများဖြစ်ပါသည်။

# ၇။ အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်းနှင့်စစ်ဆေးရမည့်အချက်များ

## ၁။အမျိုးသမီးကဏ္ဍအစည်းအဝေးမှတ်တမ်း

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန်ဖိတ်ကြားရာတွင်အစည်းအဝေးတွင်အမျိုးသမီးအချိုးညီစွာပါဝင်ရန်သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့်ရပ်မိရပ်ဖများသို့ပြောကြားခဲ့ပါသည်။ပထမအကြိမ်မိတ်ဆက်အစည်းအဝေးတွင်အစည်းအဝေးတိုင်းတွင်အမျိုးသမီးများအချိုးညီစွာတက်ရောက်ရန်ပြောကြားခဲ့ပါသည်။အစည်းအဝေးတိုင်းတွင်လည်းအမျိုးသမီးများမှပြောကြားလိုသောအချက်များကိုလွတ်လပ်ပွင့်လင်းစွာပြောဆိုခွင့်ရှိကြောင်းကိုလည်းပြောကြားထားပါသည်။ကျေးရွာအုပ်စုအဆင့်တွင်နှစ်စဉ်ပြုလုပ်သောလုပ်ငန်းများတွင်အမျိုးသမီးများမှတင်ပြဆောင်းဆိုထားသောလုပ်ငန်းတစ်ခုပါဝင်ရမည်ဖြစ်ကြောင်းကိုလည်းပြောကြားခဲ့ပါသည်။လုပ်ငန်းခွဲများအကော်အထည်ဖော်ဆောင်ရွက်ရာတွင်လည်းလူထုလုပ်အားဖြင့်ဆောင်ရွက်သောလုပ်ငန်းများဖြစ်ပါကတူညီသောလုပ်ငန်းအတွက်တူညီသောလုပ်အားခများပေးချေရမည်ကိုလည်းပြောကြားခဲ့ပါသည်။
စီမံကိန်း၏ကဏ္ဍတိုင်းတွင်အမျိုးသမီးများအခန်းကဏ္ဍကိုထည့်သွင်းထားပြီးအမျိုးသား/
အမျိုးသမီးခွဲခြားမှုများမရှိစေရန်ရည်ရွယ်ထားသည်ကိုရှင်းလင်းပြောကြားမှုများပြုလုပ်ခဲ့ပါသည်။
အမျိုးသမီးများ၏ဦးဆောင်နိုင်မှုနှင့်စီမံခန့်ခွဲမှုစွမ်းရည်များတိုးတက်လာစေရန်အတွက်ကော်မတီများထဲတွင်
အမျိုးသမီးများ (၅၀%)
ပါဝင်ရမည်ဖြစ်ပါသည်။ဆပ်ကော်မတီတစ်ခုတိုင်းတွင်လည်းအနည်းဆုံးအမျိုးသမီးတစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ကော်မတီထဲတွင်ပါဝင်သောအမျိုးသမီးများသည်တင်ပြဆွေးနွေးမှုများပြုလုပ်ခြင်း၊ဆုံးဖြတ်ချက်များချခြင်းစသည်တို့ကိုပြုလုပ်ရမည်ဖြစ်ပါသည်။အမျိုးသားများမှလည်းပံ့ပိုးကူညီပေးရမည်ဖြစ်သည်။
ဒုတိယအကြိမ်အစည်းအဝေးတွင်အမျိုးသမီးများသည်မိမိတို့၏လိုအပ်ချက်အခက်အခဲများကိုလွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက်အမျိုးသမီးသီးသန့်အုပ်စုများဖွဲ့၍အခက်အခဲများဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်းလုပ်ကိုင်ခဲ့ပါသည်။

၂။ကျေးရွာမိတ်ဆက်အစည်းအဝေးတွင်အမျိုးသမီးကဏ္ဍအတွက်စောင့်ကြည့်စစ်ဆေးရမည့်အချက်မ
ျား

မေးမြန်းသည့်ရက်။ ။ ရက်စွဲ - ၈.၁၀.၂၀၁၈

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအားကျား၊မရေးရာအခြေခံသဘောတရားများကိုရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင်ပါဝင်သောကျား၊မရေးရာအကောင်အထည်ဖော်ရေးလိုအပ်ချက်(၅)ချက်ကိုရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေးအတွက်အသိပေးတိုက်တွန်းစည်းရုံးခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏စကားသံများ၊ပြောဆိုနိုင်ခွင့်များပိုမိုထွက်ပေါ်လာအောင်ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကိုအမျိုးသား/သမီးများအလွယ်တကူပါဝင်တက်ရောက်နိုင်သောအချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကိုအစည်းအဝေးမစတင်မီအချိန်များကရှာဖွေဖော်ထုတ်ခဲ့တာမျိုးများရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများထဲမှအချို့ကိုအစည်းအဝေးတက်ရောက်နိုင်အောင်ဖိတ်ကြားဆောင်ရွက်မှုမျိုးရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့်ကြုံတွေ့နေရသောအခတ်အခဲများကိုသင်ဆွေးနွေးမေးမြန်းခဲ့တာမျိုးရှိပါသလား။ | √ | | |

| | | | | |
|---|---|---|---|---|
| ၁၀ | အမျိုးသမီးများပြောဆိုတင်ပြနိုင်အောင်အချိန်ပေးရန်၊ကြိုတင်စီစဉ်ဆောင်ရွက်မှုမျိုးများဆောင်ရွက်ခဲ့တာများရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင် အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော်ထုတ်ဆောင်ရွက်ခဲ့တာမျိုးရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင်အမျိုးသမီး၊အမျိုးသားအချိုးညီမျှစွာ (၅၀း၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင်အနည်းဆုံးအမျိုးသမီးအဖွဲ့ဝင်တစ်ဦးနှုန်းဖြင့်ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။**မဖွဲ့စည်းနိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံချက်များတွင်အမျိုးသမီးများရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက်အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက်စည်းရုံးဆွေးနွေးမှုများပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၅ | တက်ရောက်လာသူများအားအမျိုးသမီးများ၏လိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန်အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းအသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သောစီမံကိန်းလုပ်ငန်းခွဲများသည်ဒေသတွင်းမှာရှိသောလူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်အုပ်စုများအပေါ်မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်းရှင်းလင်းပြောကြားခြင်း၊မှတ်တမ်းတင်ခြင်းများတို့ကိုဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များကိုကျား၊မရေးရာလိုအပ်ချက်များအကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံးတက်ရောက်နိုင်မှုရှိ/မရှိစစ်ဆေးခဲ့ပါသလား။<br>**မတက်ရောက်နိုင်ခဲ့ပါကမှတ်ချက်တွင်ရှင်းလင်းပါ။** | √ | | |

## ၈။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



စီမံကိန်းမိတ်ဆက်အစည်းအဝေးမှတ်တမ်းတင်ဓါတ်ပုံ။



လူမှုဆန်းစစ်ခြင်း မှတ်တမ်းဓါတ်ပုံ



ဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲသည့် အစည်းအဝေးမှတ်တမ်း ဓါတ်ပုံ



စီမံကိန်းလုပ်ငန်းခွဲ မစတင်မှီ မှတ်တမ်းဓါတ်ပုံ

## ၉။ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးဌေးကြိုင် | ကျား | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၂ | ဒေါ်စီစီဝင်း | မ | ကျေးရွာစီ/ထောက်ဥက္ကဌ |
| ၃ | ဦးအောင်လင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီခေါင်းဆောင် |
| ၄ | ဦးလှမိုး | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်မြတ်မြတ်မွန် | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးလှမြင့် | ကျား | စောင့်ကြည့်ကြီးကြပ်ဆပ်ကော်မတီခေါင်းဆောင် |
| ၇ | ဒေါ်အေးမာ | မ | စောင့်ကြည့်ကြီးကြပ်ဆပ်ကော်မတီ |
| ၈ | ဒေါ်ဝင်းသိင်္ဂီ | မ | စောင့်ကြည့်ကြီးကြပ်ဆပ်ကော်မတီ |
| ၉ | ဦးနွယ်စိုး | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီခေါင်းဆောင် |
| ၁၀ | ဒေါ်သီသီဝင်း | မ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဦးနေဝင်းနိုင် | ကျား | လည်ပတ်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးမင်းဇော်ဦး | ကျား | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့ခေါင်းဆောင် |
| ၁၃ | ဒေါ်သန်းခင် | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်သီသီနွဲ့ | မ | ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးသန်းမြင့်အေး | ကျား | ကျေးရွာငွေစာရင်းကိုင် |

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁၆ | ဦးမင်းဇော်ဦး | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဒေါ်စုစုဝင်း | မ | စေတနာ့ဝန်ထမ်း |
| ၁၈ | ဦးမြင့်သူ | ကျား | စေတနာ့ဝန်ထမ်း |
| ၁၉ | ဒေါ်အေးအေးသင်း | မ | စေတနာ့ဝန်ထမ်း |
| ၂၀ | ဒေါ်မြသက်မှူ | မ | စေတနာ့ဝန်ထမ်း |

စုစုပေါင်း။ ။ (၂၀) ယောက် ၊ကျား-(၉)ယောက်+မ- (၁၁) ယောက်

## ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ

| စဉ် | အမည် | လိင် | | တာဝန် | မှတ်ချက် |
|---|---|---|---|---|---|
| | | ကျား | မ | | |
| ၁ | ဒေါ်သူဇာဝင်း | | √ | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | |
| ၂ | ဦးဌေးကြိုင် | √ | | ဥက္ကဌ၊ ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြု ကော်မတီ | |
| ၃ | ဒေါ်စီစီဝင်း | | √ | ဥက္ကဌ၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၄ | ဒေါ်မျိုးမျိုးခိုင် | | √ | စာရင်းကိုင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၅ | ဦးဝင်းနိုင် | √ | | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၆ | ဦးမျိုးလှိုင်ဦး | √ | | အဖွဲ့ဝင်၊ ဘဏ္ဍာရေးဆပ်ကော်မတီ | |
| ၇ | ဦးအုန်းမြင့် | √ | | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | |
| ၈ | ဒေါ်အိအိခိုင် | | √ | အဖွဲ့ဝင်၊ ကျေးရွာအုပ်စု ကော်မတီ | |

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်ခင်မိုးဝါ

ရာထူး - လူထုစည်းရုံးရေးမှူး

## ၁၀ ။ပုံစံစ-၁။ကျေးရွာအချက်အလက်

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးသန်းမြင့်ဌေး | 09 - 796269416 | ဒေါ်ခင်မိုးဝေ |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ရန်ကုန်တိုင်းဒေသကြီး | ကျောက်တန်းမြို့ | ဥယျာဉ် | ဥယျာဉ် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ.... | ၄၉၇ | ဘာသာ(၁) ဗုဒ္ဓဘာသာ | ၄၉၇ |
| လူမျိုးစု (၂) ဟိန္ဒူ--- | ၁၂ | ဘာသာ(၂) ဟိန္ဒူ--- | ၁၂ |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော-------------- | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | ၄ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉၂ |
| စစ်ဘေးရှောင် | — |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| လူမျိုးစု (၁)ပအိုဝ်း..... | ၈၀၉ | ၈၅၈ | ၁၆၆၇ |
| လူမျိုးစု (၂)ပအို့ရှမ်း | ၂၆ | ၂၉ | ၅၅ |
| လူမျိုးစု (၃)----------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | ၄၃၆ | 74 | 510 |

**(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☑ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☑ | ☑ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (circled) မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း မြေသားလမ်း လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုပဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည် (circled)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည် (circled)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ပဟိုမှရင်းကျေးရွာအုပ်စု၏ပဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုပဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်း

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်--------------------------ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ၂၀၁၈ ခုနှစ်တိုင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) မြစိမ်းရောင်

(၂) ------------------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☐ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးသန်းမြင့်ဌေး
လက်မှတ် [signature] နေ့စွဲ 5.10.2018

လူထုစည်းရုံးရေးမှူး အမည် ဒေါ်ခင်မိုးဝေ
လက်မှတ် [signature] နေ့စွဲ 5.10.2018

# ၁၁။ပုံစံစ ၂။စီမံကိန်းအချိန်ဇယား

/

ပုံစံ - ၀ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - [illegible] | | | |
| နေ့စွဲ ၉.10.2018 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း [illegible] | မြို့နယ် ကျောက်တံခါး | ကျေးရွာအုပ်စု ဥယျာဉ် | ကျေးရွာ ဥယျာဉ် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 8.10.18 | 8.10.18 | 117 | 180 | 297 | 292 / 5 [illegible] | 510 | 58% |
| ၂။ ကျေးရွာလုံခြုံရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၉.10.18 | ၉.10.18 | 219 | 122 | 341 | 338 / 3 [illegible] | 510 | 66% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် ရေးဆွဲခြင်း | | | | | | | | |

/

# ၁၂။ပုံစံစ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်

**ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အကောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ခင်မိုးဝါ | | | |
| နေ့စွဲ 9 . 10 . 2018 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ☑ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ရန်ကုန်တိုင်းဒေသကြီး | မြို့နယ် ကျောက်တန်းမြို့နယ် | ကျေးရွာအုပ်စု ဥယျာဉ် | ကျေးရွာ ဥယျာဉ် |

ဂ။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| ၁. လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၂. ကျေးရွာအတွင်းပစ္စည်းများဝယ်ယူရန်ခက်ခဲ | □ ကျား □မ ☑ ကျား+ မ |
| ၃. ချောင်းကမ်းပါးပျက်စီးခြင်းကိုကာကွယ်ရန်ခက်ခဲခြင်း | ☑ ကျား □မ □ ကျား+ မ |
| ၄. အသိပညာဗဟုသုတအားနည်းခြင်း | □ ကျား ☑မ □ ကျား+ မ |
| ၅. ပညာရေးအဆောက်အဦးများခက်ခဲခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၆. ကျန်းမာရေးနှင့်ပတ်သက်သောအသိ ခက်ခဲခြင်း | □ ကျား □မ ☑ ကျား+ မ |
| ၇. အလုပ်အကိုင်ရှားပါးသောကြောင့်ခက်ခဲခြင်း | □ ကျား ☑မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |
| | □ ကျား □မ □ ကျား+ မ |

ဃ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအကောင်းအဆိုးအတားအဆီးများ | |
|---|---|
| ၁. လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်လာခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ၂. ကျေးရွာတွင်းဈေးများ ဖြစ်ပေါ်လာခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ၃. ချောင်းကမ်းပါးပြိုကျခြင်းမှုများကို အချိန်မီ ကာကွယ်နိုင်ခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |
| ၄. စာပေဗဟုသုတများ တိုးပွားလာခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| ၅. ပညာရေးနှင့်ပတ်သက်သော အဆောက်အဦးများ ရရှိလာခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ၆. ကျန်းမာရေးဝန်ဆောင်မှုများ ရရှိလာခြင်း | ☐ ကျား ☐ မ ☑ ကျား + မ |
| ၇. မူကြိုကျောင်းကောင်းမွန်လာခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |
| ၈. အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| ၉. အားကစားကွင်း ရှိလာခြင်း | ☑ ကျား ☐ မ ☐ ကျား + မ |
| ၁၀. အထက်တန်းကျောင်းဖြစ်ပေါ်လာခြင်း | ☐ ကျား ☑ မ ☐ ကျား + မ |
| ၁၁. ရွာထဲမှ ကွင်းထဲသို့ သွားသော ဆက်သွယ်ရေးလမ်းများ ကောင်းမွန်လာခြင်း | ☐ ကျား ☐ မ ☐ ကျား + မ<br>☐ ကျား ☐ မ ☑ ကျား + မ |

ဂ။ လူထုစီမံကိန်းအဆုံး လာမည့်(၄)နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ

| ဦးစားပေးအဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | အဝေးကွင်းဝင်လမ်း | ကျ + မ | | ၁ | ၁၄၇၄၃၂၄၀ | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၂ | ရွာတွင်းလမ်းများပြုပြင် | ကျ + မ | | ၂ | ၉,၀၀၀,၀၀၀ | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၃ | အရှေ့ကွင်းဝင်လမ်း | ကျ + မ | | ၃ | ၁၀,၀၀၀,၀၀၀ | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၄ | ကပ္ပလာချောင်းကူးတံတား | ကျ + မ | | ၄ | | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၅ | မူကြိုကျောင်းပြုပြင်ခြင်း | ကျ + မ | | ၅ | | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၆ | ကျေးရွာအားကစားကွင်း | ကျ + မ | | ၆ | | ၈၃၅ | ၈၈၇ | ၁၇၂၂ |
| ၇. | စာကြည့်တိုက်ပြုပြင်ခြင်း | ကျ + မ | | ၇ | | ၈၃၅ | ၈၈၇ | |

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+အမျိုးသမီး) | အခန်း ကဏ္ဍ | ဦးစား ပေး အဆ ဒေသတ်မှ တ်ချက် | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေအရေ အတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၇ | | | | | | | | |
| ၈ | | | | | | | | |
| ၉ | | | | | | | | |
| ၁၀ | | | | | | | | |

သ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အသက်မွေးဝမ်းကြောင်း သင်တန်းများ | ကျ + မ | |
| ၂ | အသိပညာပေးစာစောင် ဖြန့်ဝေခြင်း | ကျ + မ | |
| ၃ | စိုက်ပျိုးမွေးမြူပညာပေး | ကျ + မ | |
| ၄ | တစ်ပိုင်တစ်နိုင်စီးပွားရေး ရင်းနှီးငွေ | ကျ + မ | |
| ၅ | စက်ပြင်သင်တန်းများ | ကျ | |

ဖော်ပြပါ ဒေသ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှအတည်ပြုသည်။

အမည် ဒေါ်သူဇာမြင့် လက်မှတ် ______ နေ့စွဲ 10. 10. 2018

ဥပဒေ၊ ၃

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အဝနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူသို့ အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | အချောကွင်းတံတား တည်ဆောက်ခြင်း | ☑မ ☑ကျား | | |
| | ၂ | ဒူးကွင်းလမ်းများ ပြုပြင်ခြင်း | ☑မ ☑ကျား | | |
| | ၃ | အဝေးကော်ကွင်း တံတား တည်ဆောက်ခြင်း | ☑မ ☑ကျား | | |
| | ၄ | ကျွဲလားချောင်းကူး တံတားတည်ဆောက်ခြင်း | ☑မ ☑ကျား | | |
| | ၅ | စာကြည့်တိုက် ပြုပြင်ခြင်း | ☑မ ☑ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | အသက်မွေးဝမ်းကျောင်း သင်တန်းများ | ☑မ ☑ကျား | | |
| | ၂ | စိုက်ပျိုးငွေချေးငွေ ပညာများ | ☑မ ☑ကျား | | |
| | ၃ | တစ်ဖိုတစ်နိုင် စီးပွားရေး လုပ်ငန်း [illegible] | ☑မ ☑ကျား | | |
| | ၄ | စက်ပြင်သင်တန်း | ☐မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐မ ☐ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | မူကြိုကျောင်း ပြုပြင်ခြင်း | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၂ | [illegible] | ☑ မ<br>☑ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

# ၁၄။အစည်းအဝေးမှတ်တမ်းများ

ကျေးရွာအမည် - ဥယျာဉ်

ကျေးရွာအုပ်စုအမည် - ဥယျာဉ်

မြို့နယ်အမည် - ကျောက်တန်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် - ၈ . ၁၀ . ၂၀၁၈

အစည်းအဝေးပြုလုပ်သည့် အချိန် - ၁၁ : ၀၀

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ - ပထမအကြိမ်စီမံကိန်းမိတ်ဆက် အစည်းအဝေး

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (၁၁၇) + မ (၁၈၀) = ၂၉၇

ဆွေးနွေးချက် - ၁ ။ ။ ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာ လူထုဗဟိုပြုစီမံကိန်း (တတိယနှစ်စက်ဝန်း) တွင် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြို့ဝါနှင့် လက်ထောက်စည်းရုံးရေးမှူး ဒေါ်ကျော့ကျော့စံတို့က ပထမအကြိမ်စီမံကိန်း မိတ်ဆက်အစည်းအဝေးကို ကျေးရွာအုပ်ချုပ်ရေးမှူး၊ အဖွဲ့များ၊ စီမံကိန်းအထောက်အကူပြုကော်မတီများနှင့် ကျေးရွာအိမ်ထောင်စုကိုယ်စားလှယ်များဖြင့် ပြုလုပ်ခဲ့ကြပါသည်။ ပထမတွင် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မြို့ဝါမှ စီမံကိန်း၊ မိတ်ဆက်(၁၅)ချက်တွင်ပါရှိသော စီမံကိန်း၏အဓိပ္ပာယ် ရည်ရွယ်ချက်နှင့် စီမံကိန်း၏ ရည်မှန်းချက်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး ကျေးရွာလူထုများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးချက်-၂။ - လူထုစည်းရုံးရေးမှူး ဒေါ်ခင်မိုးဝါမှ စီမံကိန်းတက်ဝန်း အကြောင်း ရှင်းလင်းပြောကြားရာတွင် စီမံကိန်းကိုမူစိတ်ချမ်းမြစ် အစမှ ပြင်ဆင်ခဲ့ကြောင်း၊ စီမံကိန်းကို တက်ဝန်းတစ်ခုဖြင့် သာဒေသခံကြောင်း ရှင်းပြပြီး စီမံကိန်းတက်ဝန်းတွင် အပိုင်းအားဖြင့် (၆) ပိုင်းရှိပြီး အခင်းအားဖြင့် (၁၄၁) ခင်းရှိကြောင်း၊ အပိုင်းတစ်ပိုင်းစီတွင်ပါရှိသော အခင်းတိုင်းတွင် ခန့်မှန်းကျဆောင်ရွက်ရသည်များကို ပတ်ဝန်းကျင်၊ ဥတုဗေဒ တက်ဝန်းများတွင်လုပ်ဆောင်ခဲ့မှုများကို ဥပမာပေးပြီး သိသာထင်ရှားစေသော အခင်းတစ်ခင်းခြင်းစီအား အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့နောက် စီမံကိန်းတွင် အစိတ်အပိုင်းရှိသူများ အကြောင်းကို ကျေးရွာလူထုနှင့် အမေးအဖြေများပြုလုပ်ကာ ရှင်းလင်းပြောဆိုခဲ့ပါသည်။

ဆွေးနွေးချက်-၃။ - လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ခိုင်မှ စီမံကိန်းတွင် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် အကာအကွယ်များ အကြောင်းကို ပတ်ဝန်းကျင်၊ ဥတုဗေဒ တက်ဝန်းများတွင် ကြုံတွေ့ပြုလုပ်ခဲ့ရသည်များကို ဥပမာပေး၍ ဆွေးနွေးရှင်းပြခဲ့ပါသည်။

ဆွေးနွေးချက်-၄။ - ဆက်လက်၍ လူထုစည်းရုံးရေးမှူး ဒေါ်ခင်မိုးဝါနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ခိုင် တို့မှ ကျေးရွာ[illegible]ဝန်ထမ်းများအား ပတ်ဝန်းကျင်၊ ဥတုဗေဒတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သော်လည်း တက်ဝန်းတွင် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း ရှိမရှိ ကာယကံရှင်များ၏ သဘောထားများကို မေးမြန်းခဲ့ရာ ကျေးရွာစောင့်ရှောက်ရေးဝန်ထမ်း၊ အမြဲတမ်းတာဝန်ထမ်းဆောင်ခဲ့သော ဦး[illegible]၊ ဦးမြင့်သူနှင့် ဒေါ်[illegible] တို့က ပြန်လည်ထမ်းဆောင်မည်ဟု ဆန္ဒပြုပါသည်။ ကျေးရွာလူထုများကလည်း ဆက်လက်တာဝန်ထမ်းဆောင်ရန်အတွက်

သဘောတူညီခဲ့ကြပါသည်။ ဆက်လက်၍ လူထုစည်းရုံးရေးမှူး
ဒေါ်ခင်မိုးဝါနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့စံ
တို့မှ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီအဖွဲ့တွင်
ကျား - မ မညီမျှသောကြောင့် အမျိုးသမီး စေတနာ့ဝန်ထမ်းနှစ်ဦး
ထပ်ဖြည့်ရန်အတွက် ကျေးရွာစေတနာ့ဝန်ထမ်း တာဝန်နှင့်
ဝတ္တရားများကို ရှင်းပြပြီး ၄င်းတာဝန်နှင့်ဝတ္တရားများကို ထမ်း
ဆောင်နိုင်မည့် ကျေးရွာလူထုအမျိုးသမီး (၆) ဦး အား အဆိုပြု
ပေးရန် ရှင်းပြခဲ့ပါသည်။ ကျေးရွာလူထု အိမ်ထောင်စု ကိုယ်စားလှယ်
များမှ ကျေးရွာစေတနာ့ဝန်ထမ်း အရည်အချင်းပြည့်ဝသူ ဟုယူဆ
သည့် အမျိုးသမီး (၆) ဦး အား အဆိုပြုပါသည်။ ဆက်လက်၍ လူထု
စည်းရုံးရေးမှူး ဒေါ်ခင်မိုးဝါမှ ကျေးရွာက ရွေးချယ်အဆိုပြုထားသူ
(၆) ဦးထဲမှ မဲအများဆုံး ရရှိသူ (၂) ဦးကိုသာ ကျေးရွာစေတနာ့ဝန်ထမ်း
အဖြစ်ရွေးချယ်မည်ဖြစ်ကြောင်း အကယ်၍ မဲအများဆုံး ရရှိပါက
ကျေးရွာစေတနာ့ဝန်ထမ်းတာဝန်ကို ထမ်းဆောင်နိုင်ခြင်း ရှိမရှိ
ရွေးချယ်ခံ (၆) ဦး၏ သဘောထားကို မေးမြန်းရာ တာဝန်ထမ်း
ဆောင်နိုင်ပါကြောင်း ကတိပြုသဖြင့် မဲပေး၍ ရွေးချယ်ခဲ့ရာ
ဒေါ်ဒေါ်အေးသင်းနှင့် ဒေါ်မြသက်နု တို့မှ မဲအများဆုံး ရရှိခဲ့ပါ
သည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဒေါ်ခင်မိုးဝါနှင့် လက်
ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့စံ တို့မှ လူမှုဆန်းစစ်ခြင်း
(PRA)ပြုလုပ်ခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြား
ပြီး အမျိုးသား ၊ အမျိုးသမီးများ အဖွဲ့ခွဲ၍ (PRA) ဖြေကြားမှုများ
ကို ပြုလုပ်ခဲ့ပါသည်။

ကျေးရွာအမည် -ဥယျာဉ်

ကျေးရွာအုပ်စုအမည် -ဥယျာဉ်

မြို့နယ်အမည် -ကျောက်တန်း

အစည်းအဝေးပြုလုပ်သည့်နေ့ရက် -၉.၁၀.၂၀၁၈

အစည်းအဝေးပြုလုပ်သည့် အချိန် - ၁၁:၀၀

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ -ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းအစည်းအဝေ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား (219) + မ (122) = 341

ဆွေးနွေးချက်-၁။ ။ ကျောက်တန်းမြို့နယ် ဥယျာဉ်ကျေးရွာ လူထုဗဟိုပြုစီမံကိန်း
(တတိယမြစ်ဝကျွန်း) အတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်
ရေးဆွဲခြင်းအစည်းအဝေးကို လူထုစည်းရုံးရေးမှူး ဒေါ်ခင်မိုးဝါ
လက်ထောက်ပြည်ပညာမှူး ဒေါ်ကျော့ကျော့ခံ၊ ကျေးရွာ
အုပ်ချုပ်ရေးမှူးအဖွဲ့များ၊ စီမံကိန်းအထောက်အကူပြု
ကော်မတီများ၊ ကျေးရွာအိမ်ထောင်စုကိုယ်စားလှယ်များ
ဖြင့်ပြုလုပ်ခဲ့ကြပါသည်။ ပထမဦးစွာ လူထုစည်းရုံးရေးမှူး
ဒေါ်ခင်မိုးဝါမှ ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သည်များ၊
ဖွံ့ဖြိုးရေးအတွက် အဟန့်အတားများ၊ အခက်အခဲများ၊
ဖြေရှင်းချက်များကို အမျိုးသား၊ အမျိုးသမီးများ အဖွဲ့
ဖွဲ့၍ ကျေးရွာအတွက် လိုအပ်သော လုပ်ငန်းစဉ်များကို
ဖော်ထုတ်ကြပါသည်။ ထို့နောက် လက်ထောက်ပြည်
ပညာမှူး ဒေါ်ကျော့ကျော့ခံမှ စီမံကိန်းတွင် အကျုံး
ဝင်သည့်လုပ်ငန်းများ၊ အကျုံးမဝင်သည့်လုပ်ငန်းနှင့်
ပတ်သက်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။
၎င်းနောက် ကျေးရွာအိမ်ထောင်စုကိုယ်စားလှယ်များ
ဖော်ထုတ်၍ ထွက်ပေါ်လာသော လုပ်ငန်းစဉ်များ
အား မဲပေး၍ သုံး၊ နှစ်၊ တစ် ဖြင့် မဲပေး၍ ဦးစားပေးလုပ်ငန်း
စဉ်များကို ရွေးချယ်ခဲ့ပါသည်။

ဆုံးဖြတ်ချက်-၁။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအား မဲရလဒ်အတိုင်း ဦးစားပေး၍ ပြုလုပ်ရန် ကျေးရွာအိမ်ထောင်စုကိုယ်စားလှယ်အားလုံး သဘောတူ ဆုံးဖြတ်ပါသည်။

ဆွေးနွေးချက်-၂။ ။ ရွာထဲတည်း ဂူးရေးမှူး ဒေါ်ခင်မိုးဝင်းနှင့် လက်ထောက်ကျေးရွာမှူး ဒေါ်ကျော့ကျော့ခိုင်တို့မှ ကျေးရွာစီမံခန့်ခွဲမှု ကော်မတီဝင်များနှင့် ပတ်သက်၍ ဆွေးနွေးကြရာ ပထမဦးစွာ ဒုတိယအကြိမ်တက်ဝင်မှုများတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ကော်မတီဝင်များအား ဆက်လက်လုပ်ကိုင်ရန် ဆန္ဒ ရှိ/မရှိ သဘောထားများ မေးမြန်းရာတွင် ဒေါ်ကြည်ကြိုင်ကြိုင်ရေး ဦးဖြစ်ဖွဲ့နှင့် ညွှန်သည်မှာ ဟိုးရွာရေး၊ ကျန်းမာရေး ကိစ္စရပ်များကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိသည့်အတွက် အဆိုပါနေရာနှင့် ကျေးရွာစီမံခန့်ခွဲမှု ကော်မတီတွင် ကျား-မ အချိုး မညီမျှသောကြောင့် ဝေမှုအကြံပြုကော်မတီတွင် အမျိုးသမီး တစ်ဦးနှင့် စာရင်းကိုင်တာဝန်ထမ်း နေရာတွင် အမျိုးသမီး နှစ်ဦး ထိုကိုထပ်တည့်ရမည်ဖြစ်သောကြောင့် အဆိုပါနေရာများအတွက် ကော်မတီဝင်များ ပြန်လည်ရွေးချယ်ရမည်ဖြစ်ပါသည်။ ထို့နောက် ပြန်လည်ရွေးချယ်ရမည့် ကော်မတီနေရာများဖြစ်သော ဒေါ်ကြည်ကြိုင်ကြိုင်၊ ဝေမှုအကြံပြုနှင့် စာရင်းကိုင်တာဝန်ထမ်း နေရာ အသီးသီး၏ တာဝန်နှင့် ဝတ္တရားများကို ရှင်းလင်းပြောပြပြီး အဆိုပါတာဝန်များကို ထမ်းဆောင်နိုင်မည့်သူ ကော်မတီ တစ်နေရာစီအတွက် ၂ ဦးစီအား အဆိုပြုပေးရန် ပြောကြားပြီး၊ ကော်မတီ တစ်ခုချင်းစီ အလိုက် မဲပေးဆုံးဖြတ်မည် ဖြစ်ကြောင်း၊ မဲအများဆုံးရရှိသူကသာ ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အဆိုပြုခံရသူများ၏ သဘောဆန္ဒများကို မေးမြန်းပြီး တာဝန်၊ ဝတ္တရားများကို ထမ်းဆောင်နိုင်ပါကြောင်း သဘောတူဂတိပြုကြပါသည်။

ဆုံးဖြတ်ချက်-၂။ ။ ဒေါ်ကြည်ကြိုင်ကြိုင်နေရာအတွက် ကျေးရွာအိမ်ထောင်စုကိုယ်စားလှယ်များမှ အဆိုပြုထားသူ ၃ ဦးမှာ ဒေါ်ဝင်းသိန်း၊ ဒေါ်သန်းသန်းဌေး၊ ဒေါ်ဇော်မူ တို့အား မဲပေးဆုံးဖြတ်ရာတွင် ဒေါ်ဝင်းသိန်းသည် မဲအများဆုံး ရရှိပြီး ဒေါ်ကြည်ကြိုင်ကြိုင်ရေး ကော်မတီဝင်အဖြစ်၎င်း၊ ဝေမှုအကြံပြု နေရာအတွက် ဒေါ်ခင်မာဌေး၊ ဒေါ်စန်းမြ၊ ဒေါ်သီသီဖွယ် တို့အား အဆိုပြု၍ မဲပေးဆုံးဖြတ်ရာတွင် ဒေါ်သီသီဖွယ်သည် မဲအများဆုံးရရှိပြီး ဝေမှုအကြံပြုကော်မတီဝင်အဖြစ်၎င်း၊ ။

ဆုံးဖြတ်ချက်-၂ ။ "စေတနာ့ဝန်ထမ်းနေ့အတွက် ဒေါ်ရင်မာညို ၊ ဒေါ်အေးသင်း ၊ ဒေါ်မြသက်မှူး ၊ ဒေါ်ငွေဝင်း ၊ ဒေါ်စန်းမီ ၊ ဒေါ်အေးမူ တို့အား အသိအမှတ်ပြု မဲပေးဆုံးဖြတ်ရာတွင် ဒေါ်အေးအေးသင်း နှင့် ဒေါ်မြသက်မှူး တို့သည် မဲအများဆုံး ရရှိပြီး ၊ စေတနာ့ဝန်ထမ်း ကော်မတီ အဖြစ် ၄ ဦးတို့အား အသီးသီး မဲပေးဆုံးဖြတ်ခဲ့ပါသည်။

အစည်းအဝေးကို ညနေ ( ၄:၀၀ ) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

ဒေါ်ခင်မိုးဝေ

လူထုစည်းရုံးရေးမှူး

## ၁၅။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ကျေးရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကိုစစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့်နောင်လေးနှစ်အတွက်ဦးစားပေးလုပ်ငန်းများစာရင်း
  (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ပညာရေး၊လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှုစာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ်
  (ဖြစ်နိုင်လျှင်)၊မြေပုံများပါရမည်၊စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊vennပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက်ရက်ပေါင်း-
- PRA ပစ္စည်းများအသုံးပြုသည့်အရေအတွက်-
- ပါဝင်သောဦးရေနှင့်လုပ်ငန်းများမှတ်တမ်းတင်ခြင်း
  (အစည်းအဝေးမှတ်တမ်း၊အဖွဲ့ဓါတ်ပုံ၊တိုင်းရင်းသားအနည်းစုနှင့်ထိခိုက်လွယ်သောအဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့်အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ်အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-၊
- PRAနှင့်သက်ဆိုင်သောအခြားစီမံကိန်းအရေအတွက်
  (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)-